# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 22 , 2023 Volume 67, Number 16


၂၂.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၀.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၆.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၆.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၇.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၅၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၁၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၅၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၉၁၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## နှမ်းနက်(စမုံ)ဈေး အနည်းငယ်ကျဆင်းလာ

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်တွင် နှမ်းနက်(စမုံ)ကို အဓိကထား စိုက်ပျိုးလျှက်ရှိရာ အခြားနှမ်းမှာ အနည်းငယ်သာ စိုက်ပျိုးထွက်ရှိပါသည်။ စစ်ကိုင်း၊ ရွှေဘိုဘက်မှ နှမ်းသစ်များပေါ်ထွက်လာခြင်း၊ တရုတ်ဘက်သို့ တင်ပို့ရာတွင်လည်း ဂျူတီလွတ်နှမ်းများအား ဖမ်းဆီးခြင်းတို့ကြောင့် ဈေးအနည်းငယ်ကျဆင်းလာခြင်း ဖြစ်သည်။

အောင်လံမြို့နယ်သို့ တစ်နေ့လျှင် နှမ်းနက်(စမုံ) အိတ်ရေ (၁၄၀) မှ (၁၅၀)ကြား ပုံမှန်အားဖြင့် အရောင်းအဝယ်ဖြစ်နေပြီး လှောင်လက်များမှ ထုတ်ရောင်းပါက အိတ်ရေ များစွာ အရောင်းအဝယ်ဖြစ်သည်ဟု ကုန်သည်တစ်ဦးထံမှ သိရပါသည်။ ယခုနှစ်သည် ဝါထပ်သည့်နှစ်ဖြစ်ကာ ဝါထပ်လျှင် နှမ်းအထွက်နှုန်းကောင်းနိုင်သည်ဟု အဆိုရှိသဖြင့် နှမ်းတောင်သူများ ယခုနှစ်တွင် ဧကတိုးချဲ့၍ စိုက်ပျိုးကြတာကို တွေ့ရပါသည်။ ယခု လက်ရှိ မိုးရွာသွန်းမှု အခြေအနေမှာလည်း နှမ်းသီးနှံအကြိုက် မိုးရွာလိုက်၊ နေပူလိုက် ဖြစ်နေသည့်အတွက် နှမ်းအထွက်နှုန်း ကောင်းနိုင်သည်ဟု မျှော်မှန်းရပါသည်။

ဇွန်လ ပထမပတ်တွင် နှမ်းနက်(စမုံ) ၄၅ ပိဿာ (၃) တင်းဝင် (၁)အိတ်လျှင် ကျပ်(၃၂၀၀၀၀)၊ ဒုတိယပတ်တွင် ကျပ် (၃၀၅၀၀၀)၊ တတိယပတ်တွင် ကျပ် (၂၉၅၀၀၀)ကျပ် အထိ တစ်ဖြေးဖြေး ဈေးကျဆင်းလာခဲ့သည်။ ပြီးခဲ့သည့်နှစ် ယခုလိုအချိန်တွင် နှမ်းနက်(စမုံ) ၄၅ ပိဿာ (၃) တင်းဝင်(၁) အိတ်လျှင် ကျပ် (၂၂၀၀၀၀)အထိသာ ဈေးရရှိခဲ့ကာ ယခုနှစ်နှင့် နှိုင်းယှဉ်ပါက နှမ်းနက် (စမုံ) (၃) တင်းဝင် (၁)အိတ်လျှင် ကျပ် (၁၀၀၀၀၀)လောက် ဈေးပိုမိုရရှိခဲ့တဲ့အတွက် နှမ်းနက်(စမုံ) သီးနှံကို တိုးချဲ့စိုက်ပျိုးသင့် ပါကြောင်း ရေးသားလိုက်ရပါသည်။

Source: မကွေးကုန်သွယ်မှုဗဟိုဌာန

## ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက ကုလားပဲဈေး နှစ်ဆနီးပါးမြင့်တက်

စိုက်ပျိုးသူနည်း၍ ယခုနှစ် ပဲပေါ်ရာသီတွင် အထွက်နှုန်းလျော့ခဲ့သော ကုလားပဲ သည် ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက နှစ်ဆနီးပါး ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း ကုလားပဲတင်ပို့ရောင်းချသူများထံမှ သတင်းရရှိသည်။

လက်ရှိ မန္တလေးမြို့ ကုန်စည်ဈေးကွက်တွင် ကုလားပဲအဖြူ တစ်အိတ်လျှင် ၂၇၀၀၀၀ ကျပ်၊ ကုလားပဲအဝါတစ်အိတ်လျှင် ၂၆၅၀၀၀ကျပ် ဈေးနှုန်းရှိပြီး ပြီးခဲ့သည့်နှစ် ကာလတူအခြေအနေမှာ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ ကျပ်မှ ၁၆၀၀၀၀ ကျပ်သာဖြစ်ကြောင်း မန္တလေးပဲမျိုးစုံဈေးကွက်မှ သတင်းရရှိသည်။

“ဒီနှစ် ဖြုန်းအားအရမ်းများတယ်။ အထွက်နှုန်းလျော့တယ်။ ကုလားပဲ စပေါ်စက ၂ သိန်းနဲ့စတယ်။ အခုဆိုရင် နှစ်သိန်းခုနှစ်သောင်း”ဟု မန္တလေးမြို့ ဝင်းဝင်းပွဲရုံမှ ကိုရဲမိုးကပြောသည်။

ကုလားပဲသည် ပြည်တွင်းစားသုံးမှုရှိသည့်အပြင် တပ်ရိက္ခာ၊ ပါကစ္စတန်၊ အိန္ဒိယတို့မှလည်း ဝယ်ယူမှုရှိနေသဖြင့် ဝယ်လိုအား အရမ်းများနေကြောင်း မန္တလေးမြို့ ကုလားပဲဈေးကွက်မှ သတင်းရရှိသည်။ “ဒီနှစ်က စိုက်ဧကနည်းလို့ တော်တော်ထွက်နှုန်းလျော့ခဲ့တယ်။ ရှိတဲ့ဟာပဲ အရောင်းအဝယ်လုပ်နေရတယ်။ ဈေးလည်းမာတယ်။ တစ်ပိဿာကို ၅၅၀၀ ကျပ်အထိ ဈေးတက်ခဲ့တာ။ အခုမှ နည်းနည်းပြန်ကျသွားတာ”ဟု ပေါင်းတည်မြို့မှ ကုလားပဲရောင်းဝယ်ရေး လုပ်ကိုင်နေသူ ကိုမြတ်ထွန်းက ပြောသည်။

ပေါင်းတည်မြို့ ကုန်စည်ဈေးကွက်တွင် ကုလားပဲ ပိဿာ ၂၀ ဝင် တစ်တင်းလျှင် ၉၃၀၀၀ ကျပ်၊ တစ်ပိဿာလျှင် ၄၆၅၀ ကျပ် ဈေးပေါက်နေပြီး ပေါ်ဦးပေါ်စကာလနှင့် နှိုင်းယှဉ်ပါကလည်း နှစ်သောင်းကျော် ဈေးမြင့်တက်လာခြင်းဖြစ်သည်။ “ဒီနှစ်က အထွက်နှုန်းနည်းတယ်။ အထွက်နှုန်းနည်းတော့ ဈေးကသကြၤန်ပြီးစကတည်းက တောက်လျှောက်တက်လာတာ။ ကိုးသောင်းကျော်အထိတောင် ဈေးတက်ခဲ့တာ။ အခုနည်းနည်းပြန်ကျသွားတာ။ မကွေးမှာတော့ ကုလားပဲဈေးကွက်အေးနေတယ်။ အရောင်းအဝယ်ဖြစ်နေရုံပဲ” ဟု မကွေးမြို့မှ ပဲမျိုးစုံရောင်း ဝယ်လုပ်ကိုင်နေသူ ဦးမြင့်အောင်ကပြောသည်။

ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် လက်ရှိ ကုလားပဲခြမ်း တစ်ပိဿာလျှင် ၅၉၀၀ မှ ၆၁၅၀ ကျပ် အကြား ဈေးပေါက်နေပြီး ကုလားပဲလုံးဖြူကြီးနှင့် ကုလားပဲလုံးဖြူတို့ကတော့ တစ်ပိဿာကို ၄၅၀၀ မှ ၅၆၀၀ ကျော်အထိ ပေါက်ဈေးရှိနေကြောင်း သိရှိရသည်။

ပြီးခဲ့သည့်နှစ်က ကုလားပဲ တစ်ပိဿာလျှင် ၂၄၀၀ မှ ၃၀၀၀ ကြား အတွင်းသာရှိသည်။ “ပေါ်စတုန်းကတော့ ငါးထောင်ကျပ်၊ လေးထောင်ကျပ်လောက်ပဲရှိတာ။ အခုက ရှစ်ထောင်ကျပ်တောင်ဖြစ်နေပြီ၊ ဒါက အကြမ်းမဟုတ်တဲ့ အချောဈေးပေါ့နော်၊ ကားကတော့ ဘုရင့်နောင်မှာ သိပ်မဝင်ဘူး။ အဝင်နည်းတယ်” ဟု ဘုရင့်နောင်၊ ရွှေမဟာရောင်းဝယ်ရေးပွဲရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိ ရန်ကုန်မြို့ လက်လီဈေးကွက်တွင် ကုလားပဲတစ်ပိဿာလျှင် ၈၀၀၀ ကျပ် ဈေးပေါက်နေပြီး လက်ကားဈေးမှာ တစ်ပိဿာလျှင် ၆၈၀၀ ကျပ် ဈေးပေါက်ကြောင်း သိရှိရသည်။

ကုလားပဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် စက်တင်ဘာလ၊ နိုဝင်ဘာလတို့တွင် စိုက်ပျိုးပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လတို့တွင် လှိုင်လှိုင်ပေါ်သည်။ မြန်မာနိုင်ငံတွင် ကုလားပဲစိုက်ဧက တစ်သန်းနီးပါးရှိသည်။

**Source: (AMIA)**

**Myanma Awba**

## လယ်ယာထွက်ကုန်နှင့်ရေထွက်ကုန် တင်ပို့မှုကဏ္ဍအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေး

တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်၊ ဟွိုင်ဟွာမြို့ ကွန်မြူနစ်ပါတီကောင်စီ၊ အတွင်းရေးမှူး Mr. Xu Zhong jiang ဦးဆောင်သော ဟွိုင်ဟွာ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင် ဦးဆောင်သော ဆန်စပါးကိုယ်စားလှယ်များတွေ့ဆုံ၍ နှစ်နိုင်ငံတင်ပို့ကုန်များနှင့်ပတ်သက်ပြီး ဇွန်လ (၂၀) ရက်က ကုန်သည်စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တရုတ်-မြန်မာနှစ်နိုင်ငံ ဆန်စပါး၊ မျိုးစေ့နှင့် စိုက်ပျိုးရေးထွက်ကုန်၊ ရေထွက်ကုန်များ အပြန်အလှန်တင်ပို့နိုင်ရေး၊ နှစ်နိုင်ငံအကြား အကျိုးရှိမည့်လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးစသည့် ဆန်စပါးကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များကို တက်ရောက်လာသည့် နှစ်နိုင်ငံလုပ်ငန်းရှင်များက ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်၊ ဟွိုင်ဟွာမြို့သည် တရုတ်နိုင်ငံ OBOR စီမံကိန်း၏ အနောက်ဘက်လမ်းကြောင်းပေါ်တွင် တည်ရှိပြီး အာဆီယံနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ထိုင်းနှင့်လာအိုနိုင်ငံတို့မှ လယ်ယာထွက်ကုန်များကို တရုတ်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော် မီးရထားလမ်းမှတစ်ဆင့် တင်သွင်းလျက်ရှိကြောင်း သိရသည်။

**Source: Popular News Journal**

## ပဲဈေး ဆက်တိုက်တက်နေသဖြင့် ဈေးကစားမည်ကို အိန္ဒိယစိုးရိမ်နေ၍ ဈေးကစားလိုခြင်းမရှိဟု ပဲ/နှမ်းအသင်း အကြောင်းပြန်ထား



ဇန်နဝါရီလဆန်းပိုင်းမှာ ကန်ဒေါ်လာ ၇၅၀ ခန့်သာရှိတဲ့ ပဲစင်းငုံ ၁ တန်ပေါက်ဈေးက ၆ လကျော်အတွင်း ဒေါ်လာ ၁၂၆၀ အထိ မြင့်တက်လာပြီးနောက် အဓိကဝယ်လက် အိန္ဒိယဘက်က မြန်မာကုန်သည်တွေ ဈေးကစားမှာကို စိုးရိမ်မှုတွေ ရှိလာပါတယ်။

ဈေးတက်နေတာနဲ့ ပတ်သက်ပြီး အိန္ဒိယအစိုးရဘက်က မြန်မာပဲ/နှမ်း အသင်းဘက်ကို ကုန်သည်တွေ ဈေးကစားလို့များ ဖြစ်သလားဆိုပြီး မေးမြန်းစုံစမ်းမှုတွေရှိခဲ့ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်း ကုန်သည်များအသင်း တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့ ဈေးနှုန်းဖော်ပြချက်အရ ဇန်နဝါရီလ ၁ ရက်နေ့မှာ ၇၄၅ ဒေါ်လာရှိတဲ့ မတ်ပဲ FAQ ဈေးက ဇွန်လ ၂၁ ရက်မှာ ဒေါ်လာ ၁၀၁၀ အထိ ၂၆၅ ဒေါ်လာခန့် မြင့်တက်သွားပြီး ပဲစင်းငုံဈေးနှုန်းလည်း ဒေါ်လာ ၅၁၀ ခန့် ဈေးတက်သွားပါတယ်။ တရိပ်ရိပ်နဲ့ တက်သွားတယ်။ သူ့ရဲ့ကာလတွေအလိုက် ဈေးတွေတက်နေတဲ့ဟာက ပဲစင်းငုံမှာ အများကြီး သိသာတယ်လို့ အသင်းတာဝန်ရှိသူက ဆိုပါတယ်။ အသင်းဘက်က ဈေးကစားဖို့ သိုလှောင်ထားခြင်းမရှိပဲ နှစ်နိုင်ငံ သဘော တူညီချက် MOU အရ သက်မှတ်ပမာဏကို တင်ပို့ပေးနေကြောင်း အကြောင်းပြန်ထားပါတယ်။

ပုံမှန် သူ့ကာလအလိုက် ဒီလ ဘယ်နှစ်တန်ပို့၊ ဘယ်လ ဘယ်နှစ်တန်ပို့၊ အဲဒီလိုမျိုးတွေ တွက်ကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့က သပ်သပ်မရောင်းချင်လို့ ဈေးစောင့်ရင်းနဲ့ ထိန်းထားတာမျိုး မဟုတ်ဘူး။ အဲဒီလိုမျိုးဆိုတော့ အသင်းဘက်ရဲ့ သဘောထားကို အကြောင်းပြန်ထားပြီးသားရှိပါတယ်လို့ ၎င်းကပြောကြားထားပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ လက်ရှိဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၉ ရက်နေ့အထိ ပြည်ပနိုင်ငံတွေထံ ပဲမျိုးစုံတန်ချိန် (၃.၄) သိန်းကျော် တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာသန်း (၂၇၀) နီးပါး ရရှိထားပါတယ်။

**Source: BETV Business**

## ယခုနှစ်အတွက် တရုတ်၏ ရေနံစိမ်းဝယ်လိုအား ကျဆင်းနိုင်

ယခုနှစ်အတွက် တရုတ်နိုင်ငံ၏ ရေနံစိမ်းဝယ်လိုအားသည် ယခင်ခန့်မှန်းထားသည်ထက် နည်းပါးကာ ကျဆင်းနိုင်ကြောင်း တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်း၏ သုတေသနဌာနမှ ကျွမ်းကျင်သူတစ်ဦးက ဇွန် ၂၀ ရက်တွင်ပြောသည်။

ထိုကဲ့သို့ ဝယ်လိုအားကျဆင်းရသည့် အကြောင်းရင်းမှာ လျှပ်စစ်ကားများ အဝယ်လိုက်လာခြင်းကြောင့် စက်သုံးဆီ ဝယ်ယူမှုကို ပိုမိုချိန်ဆလာခြင်းကြောင့်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ရေနံစိမ်း ဝယ်လိုအားသည် မက်ထရစ်တန်ချိန် ၇၄၃ သန်း (တစ်ရက်ရေနံစည်သန်းပေါင်း ၁၄ ဒသမ ၈၆ သန်း) အထိရှိမည်ဟု ရေနံ ကော်ပိုရေးရှင်း၏ စီးပွားရေးနှင့်နည်းပညာသုတေသနဌာနက ခန့်မှန်းထားခြင်းဖြစ်သည်။ သို့သော် ယခုအခါနိုင်ငံ၏ ရေနံ ဝယ်လိုအားသည် တန်ချိန် သန်းပေါင်း ၇၄၀ ခန့်သာ ရှိနိုင်တော့ကြောင်း လျှော့ချခန့်မှန်းလာခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် လျှပ်စစ်ကားအတွက် အကြီးဆုံးဈေးကွက်ဖြစ်နေပြီး ဧပြီလထက် မေလတွင် လျှပ်စစ် ကားရောင်းချရမှုက ၁၀ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာသည်။ ထိုပမာဏသည် ဈေးကွက်အတွင်း အရောင်းအဝယ် ဖြစ်သည့် ကားအရေအတွက်စုစုပေါင်း၏ သုံးပုံတစ်ပုံဖြစ်သည်။ ထို့ပြင် တရုတ်အစိုးရသည် လျှပ်စစ်ကားဝယ်ယူမှုအတွက် အားပေးမြှင့်တင်မှုများ လုပ်ဆောင်နေသောကြောင့် လျှပ်စစ်ကားဝယ်ယူမှုနှုန်းသည် ယခုထက် ပိုမိုမြင့်တက်လာနိုင်ကြောင်း သိရသည်။

**Source: CNA**

https://www.myawady.net.mm/node/42126

## ဗီယက်နမ် ပြည်တွင်းကော်ဖီဆိုင်လုပ်ငန်းများ ပြည်ပလုပ်ငန်းကြီးများကို ရင်ဘောင်တန်းပြီး ယှဉ်ပြိုင်

ဗီယက်နမ် ပြည်တွင်းအဖျော်ယမကာ ထုတ်လုပ်သူများကို ပြည်တွင်းဈေးကွက်မှာ နိုင်ငံခြားကုမ္ပဏီကြီးများက အနိုင်ယူကြလိမ့်မယ်ဟု ထင်ကြေးပေးခဲ့ကြပါသည်။ လက်တွေ့တွင် ပြည်တွင်းအဖျော်ယမကာ ထုတ်လုပ်သူများသည် ရင်ဘောင်တန်းပြီး ယှဉ်ပြိုင်နိုင်ကြသည်။ ကောင်းမွန်စွာ ရပ်တည်နိုင်ကြသည်။

၂၀၂၃ ခုနှစ်တွင် Starbucks သည် ဗီယက်နမ်နိုင်ငံတွင် ၎င်း၏ တစ်ရာပြည့်ဆိုင်ကို ဖွင့်လှစ်ခြင်းဖြင့် ၎င်း၏ ၁၀ နှစ်ကြာလည်ပတ်မှုကို အထိမ်းအမှတ်ပြုခဲ့သည်။ ဗီယက်နမ်တွင် ပထမဆုံး ဖွင့်လှစ်ခဲ့သည့်ဆိုင်ကို Starbucks New World အဖြစ်ဖြင့် ပြန်လည်ဖွင့်လှစ်သည်။ အမေရိကန်အခြေစိုက် Starbucks ကော်ဖီဆိုင်ခွဲများလုပ်ငန်းသည် ဗီယက်နမ်တွင် သတိထား၍ ဒေသအလိုက် ဆီလျော်သည့်လုပ်နည်းလုပ်ကိုင်ဟန်များကို လုပ်ကိုင်သည်။

ယနေ့အချိန်အထိ အရှေ့တောင်အာရှ၏ အကြီးဆုံး ကော်ဖီဈေးကွက်ဖြစ်သည့် ဗီယက်နမ်တွင် Starbucks ဖွင့်လှစ်ထားသော ကော်ဖီဆိုင်အရေအတွက်သည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အနည်းငယ်မျှသာဟု ဆိုနိုင်ပါသည်။ ဒေသတွင်းရှိ သေးငယ်သော ဈေးကွက်တစ်ခုဖြစ်သည့် စင်ကာပူတွင် Starbucks ဆိုင်ပေါင်း ၁၅၀ နီးပါးရှိသည်။

ဆယ်စုနှစ်တစ်ခုကြာ လည်ပတ်ပြီးနောက်တွင် Starbucks သည် ဗီယက်နမ်တွင် စီးပွားရေးလုပ်သည့်အခါ အမြတ်အစွန်း ရနိုင်ခြေအကြောင်းကို ပြောဆိုရန် ငြင်းဆိုနေဆဲဖြစ်သည်။ The Coffee House နှင့် Phuc Long Coffee ကဲ့သို့သော အခြားသောကော်ဖီဆိုင်များသည် လူငယ်ဖောက်သည်များကို ဆွဲဆောင်နိုင်ခဲ့သည်။

ဗီယက်နမ်ဈေးကွက်တွင် ကော်ဖီစေ့များ၏ သဘာဝအရသာကို အဓိကထားပြီး နှပ်ထားသော "တတိယလှိုင်းကော်ဖီ" ကဲ့သို့သော နိုင်ငံတကာရေစီးကြောင်းများ ရောက်ရှိလာသော်လည်း ဗီယက်နမ်အမှတ်တံဆိပ် Highlands Coffee၊ Trung Nguyen Legend၊ Ca Phe Cong နှင့် Gemini ကော်ဖီတို့သည် လူကြိုက်များဆဲဖြစ်သဖြင့် Starbucks ကဲ့သို့သော နာမည်ကြီး အမှတ်တံဆိပ်များ အပါအဝင် နိုင်ငံခြား အမှတ်တံဆိပ်များသည် ၎င်းတို့၏ လုပ်ငန်းကို ချဲ့ထွင်ရန် ခက်ခဲနေစေသည်။

မကြာသေးမီက တစ်ချိန်က နာမည်ကြီး အမှတ်တံဆိပ် လုပ်ငန်းများသည် ဗီယက်နမ်အမှတ်တံဆိပ် အကြီးစားလုပ်ငန်းများ၏ လက်ထဲသို့ ရောက်ရှိခဲ့ပြီး ကြီးထွားလာခဲ့သည်။ သို့ဖြစ်ရာ ပြည်တွင်းနှင့်ပြည်ပ အမှတ်တံဆိပ်များကြား ပိုမိုညီမျှသော ယှဉ်ပြိုင်နိုင်မှုကို ဖြစ်ပေါ်စေသည်။

၂၀၂၁-၂၀၂၃ ခုနှစ်တွင် Masan သည် Phuc Long ရှယ်ယာ ၈၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်ရန် ဒေါ်လာသန်း ရာနှင့်ချီ သုံးစွဲခဲ့သည်။ Masan ကျင့်သုံးသည့် မဟာဗျူဟာမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ယှဉ်ပြိုင်ရန်အတွက် M&A (merge and acquisition) (ပေါင်းစည်းခြင်းနှင့် ဝယ်ယူခြင်း) ကို လုပ်ဆောင်ပြီး ကြီးမားသောရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်ဖြစ်သည်။ Masan ၏ စီအီးအို Danny Le က လုပ်ငန်းစုသည် ဈေးကွက်အတွင်း အားကောင်းသော ဗီယက်နမ်အမှတ်တံဆိပ်များကို သိမ်းပိုက်ကာ ကမ္ဘာ့ဈေးကွက်ထဲသို့ ဗီယက်နမ်အမှတ်တံဆိပ်များ ယူဆောင်လာရန် စဉ်းစားထားကြောင်း ပြောကြားခဲ့သည်။ ကော်ဖီ-လက်ဖက်ရည်ကဏ္ဍတွင် Phuc Long သည် Starbucks ကဲ့သို့ ခိုင်မာသောအမှတ်တံဆိပ်တစ်ခုဟု ဆိုနိုင်ပါသည်။

ဗီယက်နမ်အမှတ်တံဆိပ်များသည် ပြုပြင်ပြီးသား ကော်ဖီကဏ္ဍတွင်လည်း ၎င်းတို့၏ အနေအထားများကို ခိုင်မြဲစေနိုင်ကြပါသည်။ ၂၀၂၁ ခုနှစ်တွင် ဘီလျံနာ Nguyen Dang Quang ပိုင်ဆိုင်သော Masan က ဗီယက်နမ်မှာ ဈေးကွက်ဝေစုအကြီးဆုံး အသင့်ဖျော်ကော်ဖီ အမှတ်တံဆိပ် ပိုင်ရှင် Vinacafe ien Hoa (VCF) ၏ ရှယ်ယာများကိုဝယ်ယူခဲ့ပြီး VCF ကို ထိန်းချုပ်ထားသည့် အနေအထားကို ရယူခဲ့သည်။

VCF ရှယ်ယာများ ပိုင်ဆိုင်ထားသည့် အခြားလုပ်ငန်းများကို ရှယ်ယာအနည်းစု ပိုင်ဆိုင်သူများ ဖြစ်သွားစေသည်။ ၎င်းတို့မှာ Hongkong GaoLing Fund သည် ၂၃% FTIF - Templeton Frontier Markets Fund ၁.၆% Barca Global Master Fund, L.P ၁.၅% တို့ ဖြစ်ပါသည်။

VCF ကို ရလိုက်သည့်အတွက် Masan သည် ဗီယက်နမ် ပြုပြင်ပြီးသားကော်ဖီကဏ္ဍတွင် ပြည်ပလုပ်ငန်းစုများကို ယှဉ်ပြိုင်နိုင်စွမ်း ရရှိသွားသည်။ VCF သည်လည်း ကြီးထွားနှုန်း သန်မာသွားပါသည်။

**Source: vnexpress**

https://www.foodindustrydirectory.com.mm/food-industry/restaurant/item/6379-vietnam-coffee.html

# STOCK EXCHANGE (22.6.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 22nd Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,127 (Shares) | 15,123,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 31 | 248,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 202 | 575,800 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 190 | 1,368,000 | 10,400,986 | 74,887 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 6,303 | 9,454,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,450 | +50 | +2.08% | 2,400 | 2,450 | 2,400 | 251 | 602,450 | 12,823,224 | 31,417 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 1,150 | 2,875,000 | 19,977,223 | 49,943 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 22nd Jun. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 356.91 | +0.36 | +0.10% | 355.44 | 356.91 | 355.44 | 8,127 | 15,123,750 | 7 | 628,906 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 22nd Jun. 2023

| Trading Volume | Trading Value |
|---|---|
| 8,127 (Shares) | 15,123,750 (MMK) |

### Main Board

As of 1:00 pm, 22nd Jun. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,127 (Shares) | 15,123,750 (MMK) |

**MYANPIX** 356.91 ▲ 0.36

| | |
|---|---|
| Total Volume (shares) | 8,127 |
| Total Value (MMK) | 15 mil |
| Listed Company | 7 |
| Market Cap. (MMK) | 628,906 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 50 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |